အောက်သို့ရောက်စေခြင်းဖြင့် အကောင်အထည်ပေါ်လာမည်ဟု မျှော်လင့်နေသူအတွက်၊ သူတကယ်တွေးသည်မှာ ဧဝံဂေလိတရားက မလုပ်နိုင်ကျရှုံးသောနေရာကို ပညတ်ဥပဒေက ဖြစ်အောင်လုပ်ပေးလိမ့်မည်ဟု တွေးနေခြင်းသာဖြစ်ပါသည်။ သူတို့သည် ပညတ်ဥပဒေများ၏အားနည်းချက်ကို မေ့နေကြခြင်းဖြစ်ပါသည်။ ထိုအားနည်းချက်ကို ရောမ ၈း၃ ကယ္ခုလိုဖေါ်ပြပါသည်၊ "အဘယ့်ကြောင့်ဆိုသော် ပညတ်တရားက မလုပ်နိုင်ဘဲ၊ အသွေးအသားမှနေ၍ အားနည်းသွားစေသည်ကို၊ ဘုရားသခင်သည် မိမိ၏သားတော်အား အပြစ်ပြုသောအသွေးအသားနှင့်တူညီသောပုံစံဖြင့် အပြစ်အတွက် စေလွှတ်တော်မူပါသည်၊ ထို့နောက် အသွေးအသားတွင် အပြစ်ကို အပြစ်ဒဏ်ပေးပါသည်။"

နောက်ဆုံးအနေနှင့်၊ ထိုပို့စ်မီလေးနီးယမ်းဝါဒပုံစံမျိုးသည်၊ ၎င်း၏ နှစ်တထောင်နိုင်ငံတော်သည် ဤမြေကြီးပေါ်တွင် အစိက ပြည့်စုံအကောင်အထည်ပေါ်ခြင်းရောက်လာမည် ဆိုသည့်အထူးပြုချက်နှင့်အတူ၊ "မြေကြီးအရာများကိုသာအစိကထားကြ"ဟူသော ဘာသာရေးတမျိုးဖြစ်လာနေပါသည်။ ထိုသို့မဖြစ်ရန် ပေါလုက ကျွန်တော်တို့ကို ဖိလိပ္ပိ ၃း၁၉ တွင် သတိပေးထားပါသည်၊ "ထိုသူတို့၏အဆုံးသတ်သည် ပျက်ဆီးခြင်းသာဖြစ်ပါသည်၊ သူတို့၏ဘုရားသည် သူတို့၏ဗိုက်သာဖြစ်ပါသည်၊ သူတို့၏ ဂုဏ်ကျက် သရေသည် သူတို့၏အရှက်ကွဲရခြင်းဖြစ်သည်၊ သူတို့သည် ကမ္ဘာမြေကြီးနှင့် ပတ်သက်သည်များကိုသာ စိတ်ဝင်စားကြသည်။" ထို ကြောင့် ထိုအုပ်စုထဲမှအများသည် ခန္ဓာကိုယ်ပြန်လည်ထမြောက်ခြင်းကို ငြင်းပယ်ကြသည်ကိုတွေ့ရမည်ဖြစ်သည်၊ ထို့အပြင် ကောင်း ကင်ဘုံသည် တကယ့်နေရာတခုဖြစ်ခြင်း၊ ယုံကြည်သူတို့၏ နောက်ဆုံးသောနေအိမ်ဖြစ်ခြင်း စသည်တို့ကိုလည်း ငြင်းပယ်လာကြ သည်၊ ထို့အပြင် ခရစ်တော်၏ကောင်းကင်နိုင်ငံတက်ကြွခြင်း၊ ထိုသို့ပြုခြင်းက ယုံကြည်သူတို့ ကောင်းကင်ဘုံရောက်မည်ဆိုသော မျှော်လင့်ချက်ကို အာမခံချက်ပေးခြင်း စသည့်အမှန်တရားများကိုလည်း ငြင်းပယ်နေကြပြီဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++

သုတ္တံ ၁၅း၁–၃၃ (ကျိန်းဘုရင်မူ)

၁ – နူးညံ့သောအဖြေက အမျက်ဒေါသကို အဝေးသို့ရောက်သွားစေပါသည်၊ သို့သော် ကြမ်းတမ်းသောစကားလုံးတို့က စိတ်ဆိုးခြင်းကို နှိုးဆွပါသည်။

၂ – ပညာရှိ၏လျှာက အသိပညာကို မှန်ကန်စွာအသုံးပြုသည်၊ သို့သော် မိုက်မဲသူတို့၏နှုတ်ကမူ မိုက်မဲခြင်းများကို သွန်ထုတ်ပါသည်။

၃ – ဘုရားသခင်၏မျက်လုံးတို့သည် နေရာတိုင်းတွင် ရှိနေကြလျှက်၊ ကောင်းမြတ်ခြင်းနှင့်ဆိုးညစ်ခြင်းတို့ကို ကြည့်ရှုနေပါသည်။

၄ – သင့်မြတ်လျော်ကန်သောလျှာသည် အသက်ပင်ဖြစ်သည်၊ သို့သော် ကွေ့ကောက်သောလျှာမှာမူ ဝိညာဉ်ကို နာကျင်စေပါသည်။

၅ – လူမိုက်သည် မိမိဖခင်၏သွန်သင်ခြင်းကို အထင်သေးပါသည်၊ သို့သော် ဆုံးမပြစ်တင်ခြင်းကို ဂရုပြုသူသည် ပညာရှိဖြစ်သည်။

၆ – ဖြောင့်မတ်သူ၏အိမ်ထဲတွင် အဖိုးတန်ပစ္စည်းများစွာရှိသည်၊ သို့သော် ဆိုးယုတ်သူ၏ ဘဏ္ဍာတိုက်ထဲတွင်မူ ပြဿနာများသာ ရှိကြပါသည်။

၇ – ပညာရှိ၏နှုတ်ခမ်းတို့က အသိပညာကို ဖြန့်ဖြူးပေးပါသည်၊ သို့သော် မိုက်မဲသူ၏နှစ်လုံးသားကမူ ထိုသို့မပြုတတ်ပါ။

၈ – ဆိုးယုတ်သူ၏ယဇ်ပူဇော်ခြင်းသည် ဘုရားသခင့်ထံတွင် ရွံစရာဖြစ်သည်၊ သို့သော် ဖြောင့်မှန်သူ၏ဆုတောင်းခြင်းကိုမူ နှစ်သက်သဘောကျပါသည်။

၉ – ဆိုးယုတ်သူ၏လမ်းသည် ဘုရားသခင့်ထံတွင် ရွံစရာဖြစ်သည်၊ သို့သော် ဖြောင့်မတ်ခြင်းနောက်သို့လိုက်သူကိုမူ ဘုရားသခင်က ချစ်မြတ်နိုးပါသည်။

၁၀ – လမ်းမှန်ကို စွန့်ပစ်သူအတွက် အမှားပြင်ပေးခြင်းသည် အလွန်ဆိုးရွားသောအရာဖြစ်ပါသည်၊ ထို့အတူ ဆုံးမခြင်းကို မုန်းသူသည် သေရမည်ဖြစ်သည်။

၁၁ – ငရဲနှင့်ပျက်ဆီးခြင်းသည် ဘုရားသခင့်ရှေ့တွင်ရှိကြပါသည်၊ ထိုသို့ဖြစ်သဖြင့် လူ၏သားသမီးတို့၏နှလုံးသားများသည် မည်မျှပင် သူ့ရှေ့တွင် ရှိနေကြပါမည်နည်း။

၁၂ – အထင်အမြင်သေးသူသည် မိမိအားဆုံးမသူကို မချစ်ပါ၊ ထို့အတူ ပညာရှိထံသို့လည်း သွားလိမ့်မည်မဟုတ်ပါ။

၁၃ – ပျော်ရွှင်သောနှလုံးသားက ရွှင်ပြသောမျက်နှာကို ဖြစ်ပေါ်စေပါသည်၊ သို့သော် ဝမ်းနည်းနေသောနှလုံးသားက ဝိညာဉ်ကို ကျိုးပဲ့ကြေမွစေပါသည်။

၁၄ – နားလည်ခြင်းရှိသော နှလုံးသားရှိသူက အသိပညာကို ရှာဖွေသည်၊ သို့သော် မိုက်မဲသူတို့၏နှုတ်ကမူ မိုက်မဲခြင်းကို စားသုံးကြသည်။

၁၅ – ဖိစီးနှိပ်စက်ခြင်းခံရသူ၏ နေ့ရက်အားလုံးတို့သည် ဆိုးညစ်ခြင်းဖြစ်ကြပါသည်၊ သို့သော် ပျော်ရွှင်သောနှလုံးသား ရှိသူအဖို့မူ အမြဲတမ်း ပျော်ပွဲရွှင်ပွဲဖြစ်နေပါသည်။

၁၆ – ဘုရားသခင်အားကြောက်ရွံ့ရိုသေလျှက် အနည်းငယ်သာရှိခြင်းသည်၊ ကြီးသောချမ်းသာခြင်းကို ပြဿနာများနှင့်ရောလျှက် ပိုင်ရခြင်းထက် ပိုကောင်းပါသည်။

